India for Myanmar
Blood Money campaign
Defend Myanmar Democracy
Sitt Nyein Pann Foundation

# မဏိပူရ်ပြည်နယ်ရှိ မတရား ဖမ်းဆီးထိန်းသိမ်းခံများ၏ အစာငတ်ခံ ဆန္ဒပြ တောင်းဆိုမှုနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ရန် အိန္ဒိယ အစိုးရ အပေါ် တောင်းဆိုသော ပူးတွဲ သဘောထား ထုတ်ပြန်ချက်။

ဇွန်လ ၁၉ရက်၊ ၂၀၂၄ခုနှစ်။

လက်ရှိမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ လွတ်လပ်ရေးရပြီးအချိန်မှ စ၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ အကြမ်းဖက် စစ်အုပ်စု မတရားအာဏာသိမ်းမှုကြောင့် လက်ရှိအချိန်တွင် သမိုင်းတလျှောက် တိုင်းပြည် မတည်ငြိမ်မှု အဆိုးရွားဆုံး အခြေအနေနှင့် ကြုံတွေ့နေရပါသည်။

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်အုပ်စုသည် တိုင်းပြည်အာဏာအား မတရားသိမ်းမှု ကျူးလွန်သည့်အပြင် သုံးနှစ်ကျော် ကာလအတွင်း နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံတော် အကြီးအကဲများနှင့် ပြည်သူ ၂၆,၈၀၀ကျော် ဖမ်းဆီးထောင်ချထားပြီး အပြစ်မဲ့ပြည်သူ ၅,၂၈၀ ကျော်အား အကြမ်းဖက် သတ်ဖြတ်ခဲ့သည်။[1]

၂၀၂၄ ဧပြီလကုန် အထိ အကြမ်းဖက် စစ်အုပ်စုသည် ဘာသာရေး အဆောက်အဦး အပါအဝင် ပြည်သူနေအိမ်ပေါင်း ၈၈,၀၀၀ ကျော်[2] မီးရှို့ဖျက်ဆီးခဲ့ပြီး မုဒိန်းမှုအား စစ်လက်နက်သဖွယ် စစ်မြေပြင်တွင် အသုံးပြုလျက်ရှိသည်။ အကြမ်းဖက် စစ်အုပ်စု သည် ၂၀၂၁ ခုနှစ်မှ ဇွန်လ ၇ ရက် ၂၀၂၄ ခုနှစ် အတွင်း အနည်းဆုံး ၅ ဦး နှင့် အထက် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ဖြစ်စဉ် ၁၁၅ ခုကို ကျူးလွန်ခဲ့သည့်[3] အပြင် မတရား စစ်မှုထမ်း ဥပဒေ ညွှန်ကြားချက်များ ပြုလုပ်ကာ လူငယ် ၉,၀၀၀ ခန့်အား အတင်းအဓမ္မ စစ်မှုထမ်း စေခြင်းများ[4] လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။

ထိုသို့ စက်ဆုပ်ရွံရှာ ကြောက်မက်ဖွယ် ပြစ်မှုကျူးလွန်နေသော အကြမ်းဖက် စစ်အုပ်စုကြောင့် ၃.၁သန်း ကျော်သော မြန်မာပြည်သူများသည်[5] စစ်ဘေးရှောင်နေရသည်။ အိမ်နီးချင်း နိုင်ငံများသို့ ၁.၃ သန်းခန့် သည် နေရပ်စွန့်ခွာ ထွက်ပြေး

[1] Assistance Association for Political Prisoners » Blog Archive » Daily Briefing in Relation to the Military Coup (aappb.org) https://aappb.org/?p=28444
[2] https://www.facebook.com/data4myanmar/posts/pfbid0p1oijUp6LcjQ5K75wmKzUDDJBCMfQnFgNzsBYceEbyS6jANa7wHPKUZ1Xk2tbvCil
[3] https://www.facebook.com/nldparty/posts/pfbid02NA8fThAxDa9AmLWU5BfDghZqVNhtwbuc7RX43hbGrPKAixbYVN5Mq8juCpjFHijZl
[4] https://www.facebook.com/bacs.mm/posts/pfbid036mzazQZfFaADwKDptazBp3S9gRsJrhscRJtadw3AdyFammCfhbH8rRrdcq9XQsTpl
[5] Country - Myanmar (unhcr.org)

နေကြရပြီး ၇၀,၀၀၀ ခန့်သည် အိန္ဒိယနိုင်ငံသို့ စစ်ပြေး ဒုက္ခသည်များအဖြစ် ခိုလှုံနေကြရသည့်အပြင် ၁၈.၆ သန်းကျော်သည် အငတ်ဘေးနှင့်[6] ကြုံတွေ့လျှက် ရှိပါသည်။

အထက်ဖော်ပြပါ အခြေအနေများအားလုံးကို အပြင်းအထန် ဆက်လက် ရင်ဆိုင်နေရသော မြန်မာနိုင်ငံသားများအား အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံပီသစွာ ကူညီမှု အားနည်းသည့်အပြင် လက်ရှိရရှိထားသော စာရင်းများအရ အိန္ဒိယနိုင်ငံသို့ ခိုလှုံလာသည့် မြန်မာစစ်ပြေး ဒုက္ခသည် ၂၇ ဦး အား အာသံပြည်နယ်တွင် ဖမ်းဆီးထောင်ချခြင်း၊ ၂၀၉ ဦးအား မဏိပူရ်ပြည်နယ် တွင် ဖမ်းဆီးထောင်ချခြင်းများ ပြုလုပ်ခဲ့သော အိန္ဒိယနိုင်ငံအစိုးရ၏ လုပ်ဆောင်ချက်များအပေါ် မိမိတို့ အနေဖြင့် ကန့်ကွက် ရှုတ်ချခြင်းနှင့်အတူ လွန်စွာ စိတ်မကောင်း ဖြစ်ရပါသည်။

ဖမ်းဆီးခံရသူ အများစုသည် ၎င်းတို့ကျခံရမည့် ပြစ်ဒဏ်၊ ငွေဒဏ်များ ကျခံပြီး ဖြစ်သော်လည်း ဆက်လက် ဖမ်းဆီးထိန်းသိမ်း ခံနေရခြင်းကြောင့် ဖမ်းဆီးခံထားရသူများနှင့် မိသားစုဝင်များသည် များစွာနစ်နာကြရပြီး လူ့အခွင့်အရေး ချိုးဖောက်မှု များစွာ ကိုလည်း ရင်ဆိုင်နေရပါသည်။ လွှတ်ပေးမည်ဟုဆိုကာ ရူပီငွေ ၅သောင်း တောင်းခံမှုများ၊ ဆေးကုသခွင့် မရရှိမှုများကြောင့် အသက် (၃၂) နှစ်ရွယ် Mr. Demkholum Guite သည် ထောင်ထဲတွင် သေဆုံးခြင်း၊ ဖမ်းဆီးခံသူများထဲမှ အမျိုးသမီး ၆ ဦး ထက်မနည်း ထောင်တွင်း မီးဖွားခြင်းနှင့် မွေးဖွားလာသော ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခွင့် မရရှိခြင်းများ ကြုံတွေ့ နေရသည်။

ထို့အပြင် ထောင်တွင်း သောက်ရေသန့် မရရှိခြင်းကြောင့် ထောင်သန့်စင်ခန်း အတွင်းရှိ ရေများကိုသာ သောက်သုံးရေ အဖြစ် သုံးစေခြင်း၊ ထောင်တွင်း အစားအသောက်နှင့် သောက်ရေသန့် အခက်အခဲများကြောင့် ဖမ်းဆီးခံ မြန်မာနိုင်ငံသား တချို့ အူအတက်ခွဲစိတ်သည် အထိ ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်ခြင်း၊ ထောင်တွင်း တပတ်တစ်ကြိမ် (သို့) နှစ်ပတ်တစ်ကြိမ်ခန့်သာ ရေချိုးခွင့်ပေးခြင်းနှင့် ထောင်တွင်း အခြားသော အိန္ဒိယနိုင်ငံသား အကျဉ်းသားများ၏ နှိပ်စက်ခံရမှုများ ကြုံတွေ့နေသည်ကို သိရှိရပါသည်။

လက်ရှိတွင် ဖမ်းဆီးထောင်ချခံ မြန်မာစစ်ပြေး ဒုက္ခသည် ၇၆ ဦးခန့်အား အကြမ်းဖက် စစ်အုပ်စုထံ လွှဲအပ်ခြင်းနှင့် ကျန်ရှိ နေသော ဖမ်းဆီးခံ ၁၅၀ ခန့် နှင့် မဏိပူရ် ပြည်နယ်အတွင်း ခိုလှုံလျှက်ရှိသော မြန်မာစစ်ဘေးရှောင် ၅,၀၀၀ ကျော်အား အကြမ်းဖက် စစ်အုပ်စုထံ လွှဲအပ်ရန် ပြင်ဆင်နေမှု ရှိနေကြောင်း ကြားသိရသည့်အတွက် မိမိတို့အနေဖြင့် သက်ဆိုင်ရာ အိန္ဒိယ အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် စိုးရိမ်ပူပန်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းတလျှောက် လက်ရှိ အကြပ်တည်းဆုံးကာလတွင် အိမ်နီးချင်း ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံဖြစ်သော အိန္ဒိယ ဗဟိုအစိုးရနှင့် အိမ်နီးချင်း မဏိပူရ် ပြည်နယ်အစိုးရ၏ ဆောင်ရွက်ချက်များသည် အာဏာရှင်စနစ်ကို အားပေးနေကာ

[6] Myanmar Humanitarian Needs and Response Plan 2024 (December 2023) [EN/MY] | OCHA (unocha.org)

အကြမ်းဖက် စစ်အုပ်စုအတွက် အကျိုးဖြစ်ထွန်းလျက်ရှိပြီး အနာဂတ်တွင် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို များစွာ ထိခိုက်နိုင်သည် ဟု မိမိတို့ မှတ်ယူပါသည်။

လက်ရှိ မြန်မာနိုင်ငံအခြေအနေသည် အလုံးစုံ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အလားအလာ အကောင်းဆုံး ဖြစ်နေသည့်အချိန်တွင် အိမ်နီးချင်းကောင်းနိုင်ငံပီသစွာ ဒီမိုကရေစီကျင့်ဝတ်၊ စံနှုန်းများအတိုင်း ကျင့်သုံးပြီး အထူးသဖြင့် ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ ထောက်ပံ့ကူညီဖေးမမှုများသည် နှစ်နိုင်ငံ ပြည်သူများအတွက် အကျိုးများစွာ ရှိစေမည် ဖြစ်သည်။

ထို့ကြောင့် အိန္ဒိယ အစိုးရ အနေဖြင့် လူသားချင်း စာနာထောက်ထားမှု ကင်းမဲ့သော လုပ်ရပ်များနှင့် လူ့အခွင့်အရေး ချိုးဖောက်သော လုပ်ရပ်များအား ချက်ချင်း ရပ်တန့်ကာ ဖမ်းဆီး ထိန်းသိမ်း ခံထားရသော မြန်မာစစ်ဘေးရှောင် ဒုက္ခသည်များ၏ အစာငတ်ခံ ဆန္ဒပြ တောင်းဆိုမှုများအား လူသားချင်းစာနာမှုဖြင့် ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးပြီး အိန္ဒိယနိုင်ငံအတွင်း၌သာ ပြန်လည်ခိုလှုံခွင့် ပေးရန်နှင့် ဒီမိုကရေစီ၊ တရားမျှတမှုတို့အတွက် တိုက်ပွဲဝင်နေသော မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးပါရန် အလေးအနက်ထား တိုက်တွန်း တောင်းဆိုကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်။**

Salai Dokhar - India for Myanmar - india4myanmar@protonmail.com

Captain Mulan - Blood Money Campaign – info@bmcmyanmar.org

Naw Aung - Defend Myanmar Democracy – communication@defendmyanmardemocracy.org

Min Chan Paing – Sitt Nyein Pann Foundation – sittnyeinpannfoundationmyanmar@gmail.com